# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

**အတွဲ( ၄ ) အမှတ် (၁၉ )**   **၂၀၂၆ ခုနှစ် ဇွန်လ ၁၉ ရက်**


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | အာကာသသိပ္ပံနှင့်နည်းပညာဆိုင်ရာလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်ပြုခြင်း | ၂ - ၃ |
| ၂။ | ကနေဒါနိုင်ငံတွင် အတင်းအကြပ်အလုပ်ခိုင်းစေ၍ ထုတ်လုပ်သောကုန်ပစ္စည်းများတင်သွင်းခြင်းကို တားမြစ်ခြင်းဆိုင်ရာအက်ဥပဒေပြဋ္ဌာန်းရန် အဆိုပြုထားခြင်း | ၄ - ၅ p |
| ၃။ | ၃၅နှစ်တိုင် ကြန့်ကြာလျက်ရှိသည့် စစ်ဆေးဆဲအမှုတစ်ခုအား အိန္ဒိယနိုင်ငံတရားရုံးချုပ်မှ ပယ်ဖျက်ခြင်း | ၆ - ၈ |
| ၄။ | ကနေဒါအစိုးရမှ ဒစ်ဂျစ်တယ်ဘေးကင်းလုံခြုံရေးဥပဒေကြမ်း (Digital Safety Bill)တစ်ရပ်ကို ကနေဒါလွှတ်တော်၌ တင်သွင်းခဲ့ခြင်း | ၉ - ၁၂ |

## အာကာသသိပ္ပံနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်ပြုခြင်း

၂၁ ရာစုခေတ်တွင် အာကာသသိပ္ပံနှင့်နည်းပညာသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လုံခြုံရေးနှင့် စီးပွားရေးတိုးတက်မှုတို့အတွက် အရေးပါသောကဏ္ဍတစ်ရပ် ဖြစ်လာသည်။မြန်မာနိုင်ငံ အနေဖြင့်လည်း အာကာသသိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အာကာသ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

အဆိုပါကော်မရှင်၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသည် အာကာသနည်းပညာများကို ငြိမ်းချမ်းစွာ အသုံးချနိုင်ရန်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ထိုသို့သော ပူးပေါင်းဆောင်ရွက်မှုများအနက် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် တရုတ်ကွန်မြူနစ် ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Wang Yi တို့ မြန်မာနိုင်ငံသို့ လာရောက်စဉ် မြန်မာအာကာသအေဂျင်စီနှင့် တရုတ်အမျိုးသားအာကာသစီမံခန့်ခွဲမှု ဌာနတို့အကြား အာကာသပူးပေါင်းဆောင်ရွက်မှုနှင့် အာကာသဟင်းလင်းပြင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လဲလှယ်ခဲ့ခြင်းသည် ထင်ရှားသောမှတ်တိုင်တစ်ရပ် ဖြစ်ခဲ့ ပါသည်။

ထို့ပြင် နိုင်ငံတော်အနေဖြင့် အာကာသသိပ္ပံနှင့်နည်းပညာဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် မြန်မာအာကာသအေဂျင်စီ(Myanmar Space Agency-MSA) ၏ အာကာသသိပ္ပံနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများအတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်များပြုခြင်းကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၆ ဖြင့် လည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၂၆ နှင့် ၇/၂၀၂၆ တို့ဖြင့်လည်းကောင်း ထုတ်ပြန်ခွင့်ပြုခဲ့ရာ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အာကာသသိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာစေမည်ဖြစ်ပြီး ယင်းကဏ္ဍနှင့် ဆက်စပ်သည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် အထောက်အကူပြု လျက်ရှိပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၉ ) ၂၀၂၆ ခုနှစ် မတ်လ ၁၉ ရက်

အာကာသသိပ္ပံနှင့်နည်းပညာ၏ အကျိုးကျေးဇူးများအနေဖြင့် ဂြိုဟ်တုနည်းပညာများကို အသုံးပြု၍ ရာသီဥတုခန့်မှန်းခြင်း၊ သဘာဝဘေးအန္တရာယ် စောင့်ကြည့်ခြင်းနှင့် ကြိုတင်သတိပေးခြင်းများကို ပိုမိုတိကျစွာ ဆောင်ရွက်နိုင်ခြင်းတို့ဖြစ်ပါသည်။ထို့ပြင် စိုက်ပျိုးရေးကဏ္ဍတွင် မြေယာအသုံးချမှုစီမံခန့်ခွဲခြင်း၊ သီးနှံအခြေအနေများ စောင့်ကြည့်ခြင်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲခြင်းတို့ကို အထောက်အကူပြုလျက်ရှိပါသည်။ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ဝေးလံခေါင်သီသောဒေသများအထိ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုမိုရရှိစေပါသည်။

ထို့မျှမက အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် လူငယ်များအတွက် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာပညာရပ်များကို စိတ်ဝင်စားလာစေပြီး ကျွမ်းကျင်လူသားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။နိုင်ငံတကာအာကာသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နည်းပညာလွှဲပြောင်းမှုများ၊ သုတေသနအတွေ့အကြုံများနှင့် အဆင့်မြင့်ပညာရေးအခွင့်အလမ်းများကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အာကာသသိပ္ပံနှင့် နည်းပညာဆိုင်ရာလုပ်ဆောင်မှုများသည် နိုင်ငံ၏ သိပ္ပံနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသာမက စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ သဘာဝဘေး စီမံခန့်ခွဲမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကိုပါ မြှင့်တင်ပေးနိုင်မည့် အရေးပါသော အခြေခံအင်အားတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊<br>
အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများ<br>
စိစစ်ရေးဌာနခွဲ<br>
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်

- ပြည်ထောင်စုအစိုးရအဖွဲ့ http://myanmar .gov.mm

## ကနေဒါနိုင်ငံတွင် အတင်းအကြပ်အလုပ်ခိုင်းစေ၍ ထုတ်လုပ်သောကုန်ပစ္စည်းများ တင်သွင်းခြင်းကို တားမြစ်ခြင်းဆိုင်ရာအက်ဥပဒေပြဋ္ဌာန်းရန် အဆိုပြုထားခြင်း

အတင်းအကြပ်အလုပ်ခိုင်းစေ၍ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများကို ကနေဒါနိုင်ငံ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်ခြင်းမှ တားဆီးကာကွယ်ရန် ပိုမိုအားကောင်းသည့် ဥပဒေအသစ်တစ်ရပ်အဖြစ် "အတင်းအကြပ်အလုပ်ခိုင်းစေ၍ထုတ်လုပ်သော ကုန်ပစ္စည်းများ တင်သွင်းခြင်းကို တားမြစ်ခြင်းဆိုင်ရာအက်ဥပဒေ(An Act respecting the prohibition of the importation of goods produced by forced labour)"အမည်ရှိသော အက်ဥပဒေကို ပြဋ္ဌာန်းမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး Anita Anand က ၂၀၂၆ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် အဆိုပြုကြေညာထားသည်။

အဆိုပါအက်ဥပဒေတွင် ဒေသ၊ အဖွဲ့အစည်း သို့မဟုတ် လူတစ်ဦးချင်းစီမှ ခွဲခြားသတ်မှတ်ထားသော အတင်းအကြပ်အလုပ်ခိုင်းစေ၍ ထုတ်လုပ်သည်ဟု သံသယရှိသောအန္တရာယ်များသည့် ကုန်ပစ္စည်းများစာရင်းကို နိုင်ငံခြားရေးဝန်ကြီးအား ပေးအပ်စေခြင်း၊ မဖြစ်မနေလိုအပ်သည့် အချက်အလက်များနှင့် မကိုက်ညီပါက အန္တရာယ်မြင့်မားသည်ဟု သတ်မှတ်နိုင်ပြီး ကုန်ပစ္စည်းတင်သွင်းခြင်းမှ တားမြစ်ခြင်းခံရနိုင်သည်ဆိုသည့် ပြဋ္ဌာန်းချက်အား ထည့်သွင်းဖော်ပြခြင်း၊ အဆိုပါ အက်ဥပဒေကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပံ့ပိုးရန် ဖက်ဒရယ်အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်မျှဝေမှုကို မြှင့်တင်ခြင်းနှင့် အတင်းအကြပ်အလုပ်ခိုင်းစေ၍ ထုတ်လုပ်ထားသော သွင်းကုန်ပစ္စည်းများကို တင်သွင်းခြင်းမှတွေ့ရှိသည့်အခါ ကုန်ကျစရိတ် ပြန်လည်ရရှိရေးအတွက် နည်းလမ်းများသတ်မှတ်ခြင်း စသည်တို့ကို ထည့်သွင်းပြဋ္ဌာန်းသွားမည် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါအက်ဥပဒေသည် ကမ္ဘာတစ်ဝှမ်းတွင် အတင်းအကြပ်အလုပ်ခိုင်းစေမှုနှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများ ဆက်လက်တည်ရှိနေသည့် အခြေအနေများကြောင့် ပြဋ္ဌာန်းလိုခြင်းဖြစ်ကြောင်း တွေ့ရှိရပြီး လွန်ခဲ့သည့်လက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကာကွယ်ရေးအဖွဲ့မှ ထုတ်ပြန်သည့်

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၉ ) ၂၀၂၆ ခုနှစ် မတ်လ ၁၉ ရက်

အစီရင်ခံစာအရ အတင်းအကြပ်ခိုင်းစေမှုများနှင့်စပ်လျဉ်း၍ သီရိလင်္ကာနိုင်ငံရှိ ပုဂ္ဂလိကပိုင်နေအိမ်နှင့်ခြံမြေများတွင် လက်ဖက်ခြောက်လုပ်သားများသည် အတင်းအကြပ်အလုပ်ခိုင်းစေခြင်းခံရသည့် အခြေအနေများနှင့် ကြုံတွေ့နေရသဖြင့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးနိုင်ပါရန် အစိုးရအား တောင်းဆိုခြင်း၊ကာတာနိုင်ငံရှိ ဖီဖာကမ္ဘာ့ဖလား အားကစားကွင်းစီမံကိန်းလုပ်ငန်းများကို ကြီးကြပ်သည့် အမေရိကန်အခြေစိုက် ဆောက်လုပ်ရေးကုမ္ပဏီများသည် ဖိလစ်ပိုင်အလုပ်သမားများကို အတင်းအကြပ်အလုပ်ခိုင်းစေခဲ့သဖြင့် အဆိုပါကုမ္ပဏီများအပေါ် လက်ရှိတရားစွဲဆိုထားရှိခြင်းစသည့် အခြေအနေများ ကြုံတွေ့လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာတစ်ဝှမ်းတွင်အတင်းအကြပ် ခိုင်းစေမှုများကို တားမြစ်ရန်အလို့ငှာ ဆောင်ရွက်လျက်ရှိရာ ကနေဒါနိုင်ငံတွင်လည်း အတင်းအကြပ်အလုပ်ခိုင်းစေ၍ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများတင်သွင်းခြင်းကို တားမြစ်ရန် ဤအက်ဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် ကနေဒါနိုင်ငံအတွင်းရှိ အတင်းအကြပ်အလုပ်ခိုင်းစေ၍ ထုတ်လုပ်ထားသောကုန်ပစ္စည်းများ တင်သွင်းခြင်းကို ပိုမိုအားကောင်းစွာတားမြစ်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်များ**


- https://www.jurist.org/news/2026/06/canada-introduces-legislation-to-strengthen-ban-on-goods-produced-with-forced-labor/
- https://www.hcamag.com/ca/specialization/employment-law/canada-tables-tougher-forced-labour-import-bill/578932

## ၃၅ နှစ်တိုင် ကြန့်ကြာလျက်ရှိသည့် စစ်ဆေးဆဲအမှုတစ်ခုအား အိန္ဒိယနိုင်ငံ တရားရုံးချုပ်မှ ပယ်ဖျက်ခြင်း

၁၉၉၁ ခုနှစ်မှစတင်၍ အိန္ဒိယနိုင်ငံ၊ ပရယာဂရာ့ဂ်(Prayagraj) ယခင်အမည် အလာဟာဘတ်(Allahabad)မြို့၏ တရားရုံးတွင် တစ်ကြိမ်တစ်ခါမျှ မစစ်ဆေးနိုင်ဘဲ နှစ်ပေါင်း ၃၅ နှစ် ကြာသည်အထိ ကြန့်ကြာလျက်ရှိသော ရာဇဝတ်မှုတစ်ခုအား အိန္ဒိယနိုင်ငံတရားရုံးချုပ်(The Supreme Court of India)က ပယ်ဖျက်လိုက်သည်။

အိန္ဒိယနိုင်ငံ၊ ပရယာဂရာ့ဂ်မြို့၊ ဂျီအာပီ ရမ်းဘက်ဂ်ရဲစခန်း(GRP Rambagh Police Station)တွင် ၁၉၈၉ ခုနှစ်က စတင်ခဲ့သော အဆိုပါအမှုနှင့်စပ်လျဉ်း၍ စွပ်စွဲခံရသူ ရဲအရာရှိ ကိုင်လစ်ရှ်ချန်ဒရာ ကာပရီ (Kailash Chandra Kapri)၏ လျှောက်ထားချက်ကို တရားရုံးချုပ်က လက်ခံခဲ့ပြီး ပရယာဂရာ့ဂ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ကာ ၃၅ နှစ်ကြာ ကြန့်ကြာနေသော စစ်ဆေးဆဲအမှုအား ပယ်ဖျက်(Quash)ကြောင်း ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့က အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

တရားသူကြီး ဂျေဘီ ပါဒီဝါလာ(J.B. Pardiwala)နှင့် အွတ်ဂျယ်လ် ဘူယမ်(Ujjal Bhuyan)တို့ ရုံးထိုင်သော တရားရုံးချုပ်တရားခွင်က ကာပရီ၏အမှုကို ပယ်ဖျက်သည့်အမိန့်နှင့်စပ်လျဉ်း၍ "မှန်ကန်မြန်ဆန်သောတရားစီရင်ရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ လူတစ်ဦးအား တရားစွဲဆိုမှုကို ၃၅ နှစ်ကြာသည်အထိ နှောင့်နှေးကြန့်ကြာခြင်းသည် မျှတမှုမရှိသည့်အပြင် တရားဥပဒေ၏ အနှစ်သာရနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်သည်"ဟု သုံးသပ်ဖော်ပြခဲ့သည်။

ရဲအရာရှိ ကိုင်လစ်ရှ်ချန်ဒရာကာပရီသည် ၁၉၈၉ ခုနှစ်က ဂျီအာပီရမ်းဘက်ဂ်ရဲစခန်းတွင် တာဝန်ထမ်းဆောင်စဉ် ခရီးသည်တင်ရထားများ၌ တာဝန်ကျသောရဲတပ်သားများအတွက် ထောက်ပံ့သည့် ရဲအသုံးအဆောင်ခန်း(Police Mess)တွင် အစားအသောက်နှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် အခြားရဲတပ်သားတစ်ဦးကို ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရပြီး ပြစ်မှုဆိုင်ရာဥပဒေ (Indian Penal Code)ပုဒ်မ ၁၄၇၊ ၃၂၃၊ ၅၀၄၊ မီးရထားအက်ဥပဒေ(Railway Act)ပုဒ်မ ၁၂၀ တို့အရ တရားစွဲဆိုခံရခြင်း ဖြစ်သည်။

အမှုစွဲဆိုပြီးနောက်တွင် သက်သေများကွယ်လွန်ခြင်း၊ ခေါ်ဆောင်စစ်ဆေးနိုင်မှု မရှိခြင်း၊ ၂၀၀၀ ပြည့်နှစ်တွင် အူတာပရာဒက်ရှ်(UttarPradesh)ပြည်နယ်မှ အူတရာခန့်ဒ်(Uttarakhand) ပြည်နယ်အဖြစ် ခွဲထွက်ဖွဲ့စည်းခဲ့ရာ စွပ်စွဲခံရသူမှာ အူတရာခန့်ဒ်ပြည်နယ်သို့ ပြောင်းရွှေ့ခံရခြင်း၊ ပြည်နယ်အဟောင်းမှ ပြည်နယ်အသစ်သို့ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းစဉ်များ လွှဲပြောင်းရာတွင် ကြန့်ကြာခြင်း စသည့်အကြောင်းများကြောင့် အမှုစွဲဆိုပြီးချိန်မှစ၍ ၃၅ နှစ်ခန့် ကြာသည်အထိ ကြန့်ကြာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အိန္ဒိယတရားရုံးချုပ်က ရဲအရာရှိ ကိုင်လစ်ရှ်ချန်ဒရာကာပရီလျှောက်ထားခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၆ အရ အထူးခွင့်ပြုချက်တောင်းခံခြင်း(Special Leave Petition)ကို လက်ခံခဲ့ပြီး အမှုစွဲဆိုခြင်းအား ပယ်ဖျက်ရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။Special Leave Petition (SLP)ဆိုသည်မှာ အိန္ဒိယနိုင်ငံ၏အမြင့်ဆုံးတရားရုံးချုပ်(Supreme Court)ထံသို့ အောက်ရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ဆုံးဖြတ်ချက်ကို အယူခံဝင်ရန်အတွက် အထူးခွင့်ပြုချက်(Special Permission) တောင်းခံသော ဥပဒေလုပ်ထုံးလုပ်နည်းတစ်ခု ဖြစ်သည်။

တရားရုံးချုပ်က အမှုကို ပယ်ဖျက်သည့်အမိန့်ချမှတ်ပြီးနောက် အမှုများ ကြန့်ကြာခဲ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ “အနည်းဆုံး ဆယ်စုနှစ်နှစ်ခုကျော်အတွင်း ဤတရားရုံးချုပ်က ထုတ်ပြန်ခဲ့သော လမ်းညွှန်ချက်များသည် အပြည့်အဝအလုပ်မဖြစ်ပဲ စာရွက်ပေါ်တွင်သာ ရှိနေကြောင်း၊ ထိုသို့ဖြစ်ပွားရသည့်အကြောင်းရင်းမှာ တာဝန်ခံမှုယန္တရားကင်းမဲ့ခြင်း ဖြစ်ကြောင်း၊ လူတစ်ဦးအား နှစ်ပေါင်း ၃၅ နှစ်တိုင်အောင် တရားစီရင်နေခြင်းမှာ ညှဉ်းပန်းနှိပ်စက်ရာရောက်ကြောင်း၊ဤပြဿနာကို စနစ်တကျ ဖြေရှင်းရန်အတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း” ထုတ်ပြန်ခဲ့သည်။

အိန္ဒိယတရားရုံးချုပ်၏ အမှုပယ်ဖျက်သည့်အမိန့်နှင့် သုံးသပ်ဖော်ပြချက်များသည် အိန္ဒိယ တရားစီရင်ရေးစနစ်အတွင်း တရားရုံးချုပ်၏ လမ်းညွှန်ချက်များကို လက်အောက်ခံတရားရုံးများက လိုက်နာရန် ပျက်ကွက်ခြင်းအပေါ် ပြင်းထန်သောသတိပေးထုတ်ပြန်ချက်ဖြစ်ပြီး မှန်ကန်မြန်ဆန်

သော တရားစီရင်ရေးလုပ်ငန်းစဉ်များအတွက် တရားရုံးချုပ်၏ရပ်တည်ချက်ကို ထင်ဟပ်ပေါ်လွင်နေသည်ကို တွေ့ရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်များ**

- https://indianexpress.com/article/legal-news/no-court-bothers-to-follow-our-guidelines-supreme-court-quashes-criminal-case-pending-trial-for-35-years-10686411/?ref=latestnews_hp
- https://lawtrend.in/supreme-court-seeks-detailed-pendency-data-from-allahabad-high-court-quashes-35-year-old-case-to-protect-right-to-speedy-trial/

## ကနေဒါအစိုးရမှ ဒစ်ဂျစ်တယ်ဘေးကင်းလုံခြုံရေးဥပဒေကြမ်း(Digital Safety Bill) တစ်ရပ်ကို ကနေဒါလွှတ်တော်၌ တင်သွင်းခဲ့ခြင်း

၂၀၂၆ ခုနှစ် ဖွန်လ ၁၀ ရက်နေ့တွင် ကနေဒါအစိုးရသည် အသက် ၁၆ နှစ်အောက်ကလေးများ၏ Social Mediaအသုံးပြုမှုကို ကန့်သတ်ရန်၊ အွန်လိုင်းအန္တရာယ်များမှ ကာကွယ်ရန်နှင့် AI Chatbot များ၏လုံခြုံရေးကို မြှင့်တင်ရန်ရည်ရွယ်သည့် ဒစ်ဂျစ်တယ်ဘေးကင်း လုံခြုံရေးဥပဒေကြမ်း (Digital Safety Bill)ကို ကနေဒါလွှတ်တော်၌ တင်သွင်းခဲ့ပါသည်။

**အဆိုပါဥပဒေကြမ်း၏ အဓိကရည်ရွယ်ချက်များမှာ**

- ကလေးများကို အွန်လိုင်းအန္တရာယ်များမှ ကာကွယ်ရန်၊
- ကလေးများအား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း၊ အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်ခြင်း အမုန်းတရားကို လှုံ့ဆော်သော ပြောဆိုရေးသားမှုများနှင့် အန္တရာယ်ဖြစ်စေနိုင်သော အွန်လိုင်းအကြောင်းအရာများကို တားဆီးလျှော့ချရန်၊
- ကလေးတစ်ဦးအား မိမိကိုယ်မိမိ နာကျင်အောင်ပြုလုပ်စေရန် လှုံ့ဆော်သည့် အကြောင်းအရာများအား တားဆီးလျှော့ချရန်နှင့်
- ဒစ်ဂျစ်တယ်လုံခြုံရေးကော်မရှင် (Digital Safety Commission)ကို ဖွဲ့စည်းပြီး စည်းမျဉ်းနှင့် စည်းကမ်းများလိုက်နာမှုကို ကြီးကြပ်ရန်တို့ ဖြစ်ပါသည်။

**ဥပဒေကြမ်းတွင် ပါဝင်သည့် အချက်များမှာ**

- အသက် ၁၆ နှစ်အောက် ကလေးများ၏ Social Media အသုံးပြုမှုကို ကန့်သတ်ရန်၊
- AI Chatbot များအတွက် Safety Requirements သတ်မှတ်ရန်၊
- စည်းကမ်းမလိုက်နာသော ကုမ္ပဏီများကို ဒဏ်ငွေချမှတ်နိုင်ရန်နှင့်
- “ကနေဒါနိုင်ငံ ဒစ်ဂျစ်တယ် ဘေးကင်းလုံခြုံရေးကော်မရှင်”ကို တည်ထောင်ရန်တို့ဖြစ်ပါသည်။

ကနေဒါအစိုးရမှ တင်သွင်းခဲ့သော ဥပဒေကြမ်းသည် လူမှုမီဒီယာဝန်ဆောင်မှုများနှင့် ဉာဏ်ရည်တု(AI)နည်းပညာသုံး ချက်ဘော့(Chatbot)ဝန်ဆောင်မှုများအတွက် အွန်လိုင်းအန္တရာယ်များမှ ထိထိရောက်ရောက်ကာကွယ်ပေးနိုင်မည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များကို ပြဋ္ဌာန်းပေးမည်ဖြစ်ပြီး ယင်းဥပဒေကြမ်းအရပြဋ္ဌာန်းမည့် ဥပဒေအသစ်အား ကျင့်သုံးရန်နှင့် လိုက်နာမှုရှိစေရန် ကြီးကြပ်ကွပ်ကဲမည့် “ကနေဒါနိုင်ငံ ဒစ်ဂျစ်တယ်ဘေးကင်းလုံခြုံရေးကော်မရှင်”ကိုလည်း ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ပါသည်။ကော်မရှင်အသစ်သည် စည်းမျဉ်းများနှင့်လမ်းညွှန်ချက်များ တိုးတက်စေရန်၊ လိုက်နာမှုများကိုဆန်းစစ်ရန်၊ စစ်ဆေးမှုများနှင့် စုံစမ်းမှုများပြုလုပ်ရန်၊ လိုက်နာဆောင်ရွက်ရန်အမိန့်များ ထုတ်ပြန်ခြင်းနှင့် ဥပဒေကြမ်းတွင် ပါဝင်သော တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ရန် တာဝန်ရှိမည် ဖြစ်ပါသည်။

ဥပဒေကြမ်းတွင် သတ်မှတ်ထားသော လုံခြုံရေးတာဝန်ဝတ္တရားများကို မလိုက်နာသည့် ကုမ္ပဏီများအား GDP ၃ ရာခိုင်နှုန်းအထိ သို့မဟုတ် ကနေဒါဒေါ်လာ ၁၀ သန်းအထိ ဒဏ်ငွေများ ချမှတ်မည်ဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ကနေဒါအစိုးရသည် Social Media Platform များနှင့် AI Chatbot များသည် လူငယ်များ၏ စိတ်ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများ ရှိလာသဖြင့် ယင်းဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ကြောင်း ကနေဒါလွှတ်တော်၌ ပြောကြားခဲ့ပါသည်။

**ကနေဒါအစိုးရအနေဖြင့် ဒစ်ဂျစ်တယ်ဘေးကင်းလုံခြုံရေးဥပဒေအား အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းဖြင့်**

- ကလေးများကို အွန်လိုင်းအန္တရာယ်မှ ပိုမိုကာကွယ်နိုင်ခြင်း၊
- ကလေးများအနေဖြင့် Social Media စွဲလမ်းမှု လျော့နည်းလာနိုင်ခြင်း၊
- ကလေးများ၏ Screen Time လျော့နည်းလာနိုင်ခြင်း၊
- ကလေးများအနေဖြင့် ပညာရေး၊ အားကစားနှင့်လူမှုဆက်ဆံရေးများအပေါ် ပိုမိုအာရုံစိုက်လာနိုင်ခြင်း၊

- ကလေးများ၏ စိတ်ကျန်းမာရေး ပိုမိုကောင်းမွန်လာနိုင်ခြင်း၊
- ကလေးများအနေဖြင့် စိတ်ကျရောဂါခံစားရမှု၊ စိုးရိမ်ပူပန်မှုနှင့် အထီးကျန်ဆန်မှုများ လျော့နည်းလာနိုင်ခြင်း၊
- မိဘများအနေဖြင့် မိမိတို့၏ ကလေးများအား ထိန်းကျောင်းရလွယ်ကူလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

လေ့လာတွေ့ရှိချက်များအရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဩစတြေးလျနိုင်ငံသည် အသက် ၁၆ နှစ်အောက် လူငယ်များ၏ Social Media အသုံးပြုမှုကို တားမြစ်သည့်ဥပဒေ ပြဋ္ဌာန်းခဲ့သော ကမ္ဘာ့ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့ပါသည်။ဩစတြေးလျနိုင်ငံအနေဖြင့် ဥပဒေ စတင် အကောင်အထည် ဖော်ပြီးနောက် တစ်လအတွင်း Social Media ကုမ္ပဏီများက ဆယ်ကျော်သက်အရွယ်ကလေးများ ၏အကောင့် ၅ သန်းနီးပါးကို ပိတ်သိမ်းခဲ့ကြပါသည်။ထို့အပြင် ပြင်သစ်၊ ဒိန်းမတ်နှင့် ပိုလန်နိုင်ငံတို့ တွင်လည်း ကလေးများ၏ Social Media အသုံးပြုမှုကို ပိုမိုကန့်သတ်မည့်စည်းမျဉ်းများကို စဉ်းစား နေကြပြီး ဂရိနိုင်ငံအနေဖြင့်လည်း ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ အသက် ၁၅ နှစ်အောက် ကလေးများအား Social Media အသုံးပြုခွင့် ပိတ်ပင်သွားမည်ဟု တရားဝင်ကြေညာထားသည်ကို တွေ့ရှိရပါသည်။ ကနေဒါနိုင်ငံ၊ တိုရွန်တိုတက္ကသိုလ်မှ နည်းပညာနှင့် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဆိုင်ရာပညာရှင် Brett Caraway က ကနေဒါ၏ ဒစ်ဂျစ်တယ်ဘေးကင်းလုံခြုံရေး ဥပဒေကြမ်းသည် ဩစတြေးလျနိုင်ငံ၏ဥပဒေထက် ပိုမိုကျယ်ပြန့်ပြီး ပြည့်စုံမှုရှိကြောင်း ပြောကြားခဲ့ ပါသည်။

နိဂုံးချုပ်အားဖြင့် ကနေဒါနိုင်ငံ၏ဒစ်ဂျစ်တယ်ဘေးကင်းလုံခြုံရေးဥပဒေကြမ်းသည် ဒစ်ဂျစ်တယ် ခေတ်တွင် ပေါ်ပေါက်လာသော စိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သကဲ့သို့ ကလေးငယ်အခွင့်အရေးများကာကွယ်ရေးနှင့် ဒစ်ဂျစ်တယ်လုံခြုံရေးဆိုင်ရာ မြှင့်တင်ရေးတို့အတွက် အရေးပါသော ဥပဒေရေးရာခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါသည်။သို့ရာတွင် ယင်းဥပဒေကြမ်းကို အကောင်အထည်ဖော်ရာ၌ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ကိုယ်ရေးအချက်အလက်ကာကွယ်

ခွင့်နှင့် သတင်းအချက်အလက်ရယူခွင့်တို့အကြား မျှတမှုရှိစေရေးအတွက် ဂရုပြုဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ဒစ်ဂျစ်တယ်ဘေးကင်းလုံခြုံရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခြင်းအားဖြင့် ကလေးငယ်များအတွက် ပိုမိုလုံခြုံသည့်ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး လူငယ်များအချင်းချင်း တွေ့ဆုံဆက်ဆံမှု၊ မိတ်ဆွေဖွဲ့မှုများနှင့် ပညာရေးအပေါ် အာရုံစိုက်နိုင်မှုတို့လည်း တိုးတက်လာနိုင်မည်ဖြစ်၍ ယင်းဥပဒေသည် ကလေးငယ်များအတွက် ကောင်းကျိုးများစွာ ရရှိနိုင်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**Source** –

https://www.canada.ca/en/canadian-heritage/news/2026/06/government-of-canada-introduces-legislation-to-combat-online-harms-particularly-those-impacting-children.html

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၉ ) ၂၀၂၆ ခုနှစ် မတ်လ ၁၉ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

